# THE BOY IN THE STRIPED PAJAMAS

## အပြစ်မဲ့ – အပြစ်သား

(စာတ်လမ်းအကျဉ်း)

**The Boy in The Striped Pajamas** မူရင်းစာအုပ်လေးကတော့ စာဖတ်သူတွေရင်ကို လှုပ်ခတ်သွားစေတဲ့ စာအုပ်ကောင်းလေးတစ်အုပ်ဖြစ်ခဲ့သလို ရှင်ရှင်အနေနဲ့ ပိုပြီးအောင်မြင်ကျော်ကြားခဲ့ပါတယ်။

ဒီဝတ္ထုလေးထဲမှာတော့ နာဇီတပ်မှူးဗိုလ်ချုပ်ကြီးရဲ့သားနဲ့ အဖမ်းဆီးခံထားရတဲ့ လျောင်ပိတ်ခံဂျူးကောင်လေးနှစ်ယောက်တို့ကြားက သူငယ်ချင်းသံယောဇဉ်ကို ဖတ်ရှုရမှာပါ။ ဂျာမနီနိုင်ငံ၊ ဘာလင်မြို့မှာ တာဝန်ထမ်းဆောင်နေတဲ့ ဖခင်(ဘရူနို့အဖေ)ဟာ တစ်နေ့တော့ ခေါင်းဆောင်ကြီးဟစ်တလာရဲ့ စေခိုင်းမှုနဲ့အတူ ပိုလန်နိုင်ငံကို ပြောင်းရွှေ့ပြီး အကျဉ်းချထားတဲ့ ဂျူးတွေကို အဆိပ်ငွေ့ပေးကာသုတ်သင်ဖို့ တာဝန်ပေးခြင်းခံခဲ့ရပါတယ်။ ဘရူနို့တို့မိသားစုလည်း ခေါင်းဆောင်ကြီးရဲ့အမိန့်ကို မလွန်ဆန်တာကြောင့် သမီးကြီး ဂရက်တယ်နဲ့ သားငယ်ဘရူနို့ကိုခေါ်ပြီး ပိုလန်မြို့ဆီ ထွက်လာခဲ့ရပါတော့တယ်။ ဒီလိုနဲ့ ဘရူနို့လည်း အိမ်အသစ်လေးရဲ့ မလှမ်းမကမ်းက သေဖို့စောင့်စားနေရတဲ့ (ခြံစည်းရိုးအတွင်းဘက်မှာ တစ်ယောက်တည်းထိုင်ထိုင်နေတတ်တဲ့) ရှမူးလ်ဆိုတဲ့ ဂျူးကောင်လေးနဲ့ တွေ့ဆုံပြီး သံယောဇဉ်ဖြစ်လာခဲ့ရတာပေါ့။ ဘရူနို့က ရှမူးလ်ကို ဘာလင်မှာနေရတာဟာ ဘယ်လောက်ပျော်စရာကောင်းကြောင်း၊ ရှမူးလ်ကိုလည်း သူ့အိမ်ကို ညစာစားဖို့ ဖိတ်ကြောင်းပြောခဲ့ပေမဲ့ ရှမူးလ်မှာ အဲဒီခြံစည်းရိုးအပြင်ဘက်ကို ခြေတစ်လှမ်းတောင် လှမ်းခွင့်မရှိဘူးဆိုတာ ဘရူနို့ မသိရှာဘူးလေ။

တဖြည်းဖြည်း သံယောဇဉ်တွယ်လာတဲ့ ဂျာမန်ကောင်လေး ဘရူနို့နဲ့ ပိုလန်သားလေးရှမူးလ်တို့လည်း အမြဲတမ်း ခြံစည်းရိုးလေးနားထိုင်လို့ ကလေးပီပီ နိုးကြောင်နိုးဝှက် ကစားခဲ့ကြတာပေါ့။ တစ်နေ့တော့ ရှမူးလ်ရဲ့အဖေက အဆိပ်ငွေ့ပေးပြီးသတ်ခံရတဲ့အသုတ်ထဲ ပါသွားတာကို ရှမူးလ်က မသိလေတော့ သူ့ဖခင်ကို ကူရှာပေးဖို့ သူငယ်ချင်းဘရူနို့ကို အကူအညီတောင်းခဲ့ပါတယ်။ ဘရူနို့လည်း ရှမူးလ်ကို သနားတာကြောင့် ရှမူးလ်ပေးတဲ့ ဂျူးအကျဉ်းသားဝတ်စုံကိုဝတ်ပြီး ခြံစည်းရိုးအောက်ကနေတိုးဝင်လို့ ရှမူးလ်အဖေကို ကူရှာပေးခဲ့တယ်လေ။ ကံကြမ္မာ အကြောင်းဖန်လာလေတော့ သူတို့သူငယ်ချင်းနှစ်ယောက် ဂျာမန်စစ်သားတွေကို ရှောင်ရင်း ရှားရင်း အဆိပ်ငွေ့ပေးသတ်ခံရမဲ့လူတန်းကြီးထဲပါသွားကာ အခန်းထဲ လှောင်ပိတ်လို့ အခြားဂျူးတွေနဲ့အတူ အရှင်လတ်လတ် အသတ်ခံလိုက်ရပါတော့တယ်။

ဘရူနို့ရဲ့ မိဘတွေမှာလည်း အကြောင်းစုံကို သိလိုက်ရတော့ ရင်ကွဲမတတ် ခံစားရတော့တာပေါ့။ ခံ::လုံးထဲမှာ ဘရူနို့အဖေ နာဇီတပ်မှူးဗိုလ်ချုပ်ကြီးက အဆိုးဆုံးပါ။ သူ့ဘဝတစ်သက်တာမှာ ဂျူးတွေကို ကြက်ကလေး၊ ငှက်ကလေးသတ်သလို လက်ရဲဇက်ရဲသတ်ဖြတ်ခဲ့ပေမဲ့ အခုလို ရင်နှစ်သည်းချာသားကလေး အသက်ဆုံးရှုံးသွားတော့ ရူးကြောင်ကြောင်ဖြစ်သွားရတာ အမှန်ပါပဲ။

အကျဉ်းချုပ်မို့ ဒီလောက်ပဲ ပြောပြရတာပါ။ ဖတ်ကြည့်ရင် ပိုပြီး စိတ်ထိခိုက်ရစေတဲ့ ဇာတ်လမ်းလေးပါပဲ။ ။

■ သက်ပိုင်(မြန်မာပြန်)